DEMOCRACY REPORTING INTERNATIONAL

# နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်

## အနှစ်ချုပ်အချက်အလက်များ

သဘောတူစာချုပ်ကို အတည်ပြုထားသည့်နိုင်ငံများသည် “လူ့အခွင့်အရေးကို ကာကွယ်ရန်နှင့် စောင့်ရှောက်ရန်....*[နှင့်] စာချုပ်ပါ အခွင့်အရေးများအကို အကာအကွယ်ပေးရန်အလို့ငှာ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုလုပ်လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည်ဖြစ်ပြီး ထိရောက်သောကုစားမှုကိုလည်းပေးရမည်။”*

## The ICCPR

ICCPR သည် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများအတွက် အကာအကွယ်များစွာပေးထားသည့် အဓိကကျသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်တစ်ခုဖြစ်သည်။ ဒီဇင်ဘာ ၁၉၊ ၁၉၆၆ တွင် ကုလသမဂ္ဂအထွေထွေညီလာခံတွင်အတည်ပြုခဲ့ပြီး မတ် ၂၃၊ ၁၉၇၆ တွင် စတင်အသက်ဝင်ခဲ့သည်။

အခြေခံလူ့အခွင့်အရေးများကို ကာကွယ်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် စာချုပ်ကိုအတည်ပြုထားသည့် နိုင်ငံများသည် အသက်ရှင်ရပ်တည်ပိုင်ခွင့်နှင့် လူသားဂုဏ်သိက္ခာ၊ ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှု၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ဘဝ၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မလျော်မကန်ပြုမူခြင်းနှင့် အဓမ္မဖမ်းဆီးထိန်းသိမ်းခြင်းတို့မှ လွတ်မြောက်ခွင့်၊ နိုင်ငံရေးတွင်ပါဝင်ခွင့်နှင့် လူနည်းစုအခွင့်အရေးများစသည်တို့ကို လေးစားလိုက်နာရမည်ဖြစ်သည်။ ICCPR တွင် အသိအမှတ်ပြုထားသည့် အခွင့်အရေး သို့မဟုတ် လွတ်လပ်ခွင့်တို့ ချိုးဖောက်ခံရသူသည် ထိရောက်သော ကုစားမှုကို ပေးရမည်ဖြစ်သည်။

## နိုင်ငံတစ်နိုင်ငံသည် ICCPR အဖွဲ့ဝင် မည်သို့ဖြစ်နိုင်သနည်း။

လောလောဆယ်တွင် ICCPR ကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံ ၇၄ နိုင်ငံနှင့် အဖွဲ့ဝင် ၁၆၈ နိုင်ငံရှိသည်။ နိုင်ငံများက စာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်လိုကြောင်းလျှောက်ထားရပြီး အောက်ပါနည်းလမ်းနှစ်မျိုးဖြင့် စာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်နိုင်သည်။

၁။ စာချုပ်ကိုလက်မှတ်ရေးထိုပြီးနောက် အတည်ပြုခြင်း/ လက်ခံခြင်း/လက်ခံအတည်ပြုခြင်း

**_သို့မဟုတ်_**

၂။ ကနဦးလက်မှတ်ရေးထိုးထားခြင်းမရှိဘဲ အတည်ပြု လက်ခံခြင်းဖြစ်သည်။

> *အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် လက်မှတ်ရေးထိုးရုံဖြင့် နိုင်ငံကလိုက်နာရမည်၍မဟုတ်။ စာချုပ်သည့် အနာဂတ်တွင် အတည်ပြုခြင်း၊ လက်ခံခြင်း၊ လက်ခံအတည်ပြုခြင်း သို့မဟုတ် လိုက်နာရန်သဘောတူခြင်းတို့အတွက် ဖြစ်သည်။*

စာချုပ်ကို အတည်ပြုခြင်းသည် စာချုပ်ကိုလိုက်နာပါမည်ဆိုသော သဘောတူခြင်းပင်ဖြစ်သည်။ နောက်ဆုံးလက်မှတ်ရေးထိုးခြင်း သို့မဟုတ် အတည်ပြုခြင်း၊ လက်ခံခြင်း၊ လက်ခံအတည်ပြုခြင်း သို့မဟုတ် လိုက်နာရန်သဘောတူခြင်းကိုတင်ခြင်းဖြင့် စာချုပ်အရ ဥပဒေအခွင့် အရေးများနှင့် လိုက်နာရမည့်ဝတ္တရားများကို လိုက်နာလိုကြောင်း နိုင်ငံက ပြသခြင်းပင်ဖြစ်သည်။ စာချုပ်ပါအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်နေရာမှာ စာချုပ်ကို ဥပဒေအရလိုက်နာဆောင်ရွက်သည့် အဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် ဖြစ်လာခြင်းဖြစ်သည်။

DEMOCRACY REPORTING INTERNATIONAL

# လူ့အခွင့်အရေးကော်မတီ

ICCPR စာချုပ်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် နိုင်ငံကဆုံးဖြတ်ချိန်တွင် ယင်းနိုင်ငံအား လူ့အခွင့်အရေးကောင်စီက သုံးသပ်မှုပြုမည်ဖြစ်သည်။

လူ့အခွင့်အရေးကောင်စီသသည် ICCPR အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး လွတ်လပ်သောကျွမ်းကျင်ပညာရှင် ၁၈ ဦးဖြင့်ဖွဲ့စည်းထားသည်။ ၎င်း၏ တင်းပြည့်အဖွဲ့ဝင်အဖြစ်လက်ခံရေးအတွက် လူ့အခွင့်အရေးကောင်စီက တစ်နှစ်အတွင်း စုံညီအစည်းအဝေး အနည်းဆုံး ၃ ကြိမ် ထိုင်ပြီး တစ်ကြိမ်လျှင် သုံးပတ်ကြာမြင့်သည်။

နိုင်ငံက စာချုပ်ကိုအတည်ပြုပြီး တစ်နှစ်ကြာပြီးနောက် စာချုပ်အသက်ဝင်လာပြီး ကော်မတီသို့ ကနဦးအစီရင်ခံစာတင်သွင်းရသည်။ ယေဘုယျစည်းမျဉ်းအားဖြင့် နိုင်ငံက လေးနှစ်တစ်ကြိမ် အစီရင်ခံစာတင်သွင်းရမည်ဖြစ်သော်လည်း အစောပိုင်း အစီရင်ခံစာတစ်စောင်တင်သွင်းရန် လူ့အခွင့်အရေးကောင်စီက ဆုံးဖြတ်နိုင်သည်။

**သုံးသပ်မှု**

၁။ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် လူ့အခွင့်အရေးကောင်စီအတွင်းရေးမှူးရုံးသို့ ဆီလျော်ပြီး သင့်လျော်သည့် စာရွက်စာတမ်းကို တင်သွင်းနိုင်သည်။

၂။ ပေးထားသည့် သတင်းအချက်အလက်ကို အခြေခံပြီး နိုင်ငံဆိုင်ရာလုပ်ငန်းအဖွဲ့က အစီရင်ခံစာတွင်သွင်းသည့် နိုင်ငံ၏ ကိုယ်စားလှယ်များနှင့် ဒိုင်ယာလော့အခြေခံဖြင့် ဆွေးနွေးမှုဖြင့် မေးခွန်းများကို ဖော်ထုတ်သွားမည်ဖြစ်သည်။

၃။ လုပ်ငန်းအဖွဲ့တွင် တစ်ဦးအား ကိုယ်စားလှယ်အဖြစ်တာဝန်ပေးထားသည်။ ၎င်းက "ကိစ္စရပ်များ စာရင်း" ကို ပြုစုသည်။ သက်ဆိုင်ရာနိုင်ငံသို့ ပေးပို့သည့် လူမသိသောကိစ္စရပ်များ၏ စာရင်းတစ်ခုကို အဖွဲ့ဝင်နိုင်ငံ၏ ကိုယ်စားလှယ်များရောက်ရှိမလာမီတွင် အစီရင်ခံစာကို အဆုံးအဖြတ်ပေးမည့် အစည်းအဝေးကို (အနည်း ဆုံး ကြိုတင်အစည်းအဝေးတစ်ကြိမ်) ကြိုတင် ပြုလုပ်သည်။

၄။ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အများပြည်သူအကျိုးပြုဒိုင်ယာလော့တစ်ခုဖြင့် အစီရင်ခံစာတိုင်းကိုဆုံးဖြတ်ရန် လူ့အခွင့်အရေး ကောင်စီက ဆောင်ရွက်သည်။ ကနဦးအစီရင်ခံစာကိုဆုံးဖြတ်မည့် အစည်းအဝေးသည် ပုံမှန်အားဖြင့် တစ်ရက်ခွဲကြာမြင့်ပြီး နောက်ဆက်တွဲ ကာလအပိုင်းအခြားအလိုက်တင်သွင်းသည့် အစီရင်ခံစာများအတွက် အစည်းအဝေးမှာ များသောအားဖြင့် နှစ်ရက်ခွဲကြာမြင့်သည်။

၅။ နိုင်ငံဆိုင်ရာအစီရင်ခံစာကို လူ့အခွင့်အရေးကောင်စီ အဆုံးအဖြတ်ပေးခြင်း၏ နောက်ဆုံးအပိုင်းမှာ အဆုံးသတ်လေ့လာတွေ့ရှိချက်များဖြင့် မူကြမ်းရေးဆွဲ အတည်ပြုခြင်းဖြစ်သည်။

➔ကော်မတီကတွေ့ရှိသည့် ယင်းအစီရင်ခံစာ၏ နောက်ဆုံးအပိုဒ်ပါ အဆုံးသတ်လေ့လာတွေ့ရှိမှုအားလုံးသည် ကိစ္စရပ်အကန့်အသတ်ရှိပြီး အထူးဦးစားပေးကိစ္စရပ်များဖြစ်သည်။

➔ ထို့နောက် တစ်နှစ်အတွင်း ကိစ္စရပ်များ ဖြေရှင်းရန် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များပေးရန် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံကို တောင်းသည်။

## ICCPR အရ အကာအကွယ်ပေးထားသည့် အခွင့်အရေးများ

ICCPR အရာအကာအကွယ်ပေးထားသည့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်။

| |
|---|
| ပုဒ်မ ၁- ကိုယ်ပိုင်ဆုံးဖြတ်ခွင့်<br>ပုဒ်မ ၂ & ၃- ခွဲခြားဆက်ဆံမှုမရှိခြင်း<br>ပုဒ်မ ၆- အသက်ရှင်နေထိုင်ခွင့်<br>ပုဒ်မ ၇-ညှဉ်းပန်းနှိပ်စက်မှုမှ ကင်းလွတ်ခွင့်<br>ပုဒ်မ ၈- ကျွန်ပြုခံရခြင်းမှ ကင်းလွတ်ခွင့်<br>ပုဒ်မ ၉- လူပုဂ္ဂိုလ်၏ လွတ်လပ်ခွင့်နှင့် လုံခြုံခွင့်<br>ပုဒ်မ ၁၀-အထိန်းသိမ်းခံရသူ၏ အခွင့်အရေး<br>ပုဒ်မ ၁၁- စာချုပ်ပါအချက်အလက်များကိုလိုက်နာရန်မတက်နိုင်သည့် အခြေအနေသို့ ရောက်ရှိရုံမျှဖြင့် ထောင်သွင်းအကျဉ်းချခြင်းပြုခွင့်မရှိရန်<br>ပုဒ်မ ၁၂- လွတ်လပ်စွာရွှေ့ပြောင်းခွင့်နှင့် ဥပဒေအရနေထိုင်သူများအတွက် လွတ်လပ် စွာနေထိုင်ရာနေရာ ရွေးချယ်ခွင့်<br>ပုဒ်မ ၁၃-နိုင်ငံသားမဟုတ်သူများ၏ အခွင့်အရေး<br>ပုဒ်မ ၁၄- တရားရုံးများနှင့် တရားခွင်များတွင် တန်းတူညီမျှမှု။ မျှတသောတရားခွင့်ရရှိခွင့်။ |

ပုဒ်မ- ရာဇဝတ်မှုကျူးလွန်ခြင်းမရှိသူများကို ရာဇဝတ်မှုကျူးလွန်သည်ဟု သံသရှိခြင်း မရှိစေရ။
ပုဒ်မ ၁၆- ဥပဒေရှေ့မှောက်တွင် လူပုဂ္ဂိုလ်တစ်ဦးအဖြစ် အသိအမှတ်ပြုခံပိုင်ခွင့်
ပုဒ်မ ၁၇- အဓမ္မ သို့မဟုတ် ဥပဒေပ ဝင်ရောင်စွက်ဖက်ခြင်းမှ ကင်းလွတ်ခွင့်
ပုဒ်မ ၁၈- လွတ်လပ်စွာတွေးခေါ်ခွင့်၊ ယုံကြည်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်။
ပုဒ်မ ၁၉- ကြားဝင်စွက်ဖက်မှုမရှိဘဲ ထင်မြင်ယူဆချက်များရှိပိုင်ခွင့်
ပုဒ်မ ၂၀- စစ်ပွဲအတွက်ဂါဒဖြန့်ခြင်းများကို ဥပဒေအရ တားမြစ်ထားရမည်။
ပုဒ်မ ၂၁- ငြိမ်းချမ်းစွာစုဝေးခွင့်
ပုဒ်မ ၂၂- အခြားသူများနှင့်လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်
ပုဒ်မ ၂၃- လက်ထပ်ပိုင်ခွင့်
ပုဒ်မ ၂၄- ကလေးသူငယ်များ၏ အခွင့်အရေး
ပုဒ်မ ၂၅- နိုင်ငံရေးပါဝင်ဆောင်ရွက်ခွင့်
ပုဒ်မ ၂၆- ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှခွင့်
ပုဒ်မ ၂၇- လူနည်းစုများအား အကာအကွယ်ပေးခြင်း

အပြည့်အစုံကို

http://www.ohchr.org/en/professionalinterest/pages/ccpr.aspx

## အခွင့်အသင့်သလို သုံးရမည့် ပရိုတိုကောလ်

နောက်ထပ် လူ့အခွင့်အရေးကာကွယ်ပေးသည့် ICCPR ၏ သုံးမည်ဆိုလျှင်သုံးရမည့် ပရိုတိုကောလ်နစ်ခုရှိသေး သည်။

***အခွင့်သင့်သလို သုံးရမည့် ပထမဆုံးပရိုတိုကောလ်-*** ယင်းပရိုတိုကောလ်အရ လူ့အခွင့်အရေးချိုးဖောက်မှုများကို တစ်ဦးချင်းက တိုင်ကြားနိုင်သည်။ လူ့အခွင့်အရေးကော်မရှင် တရားရေးအဖွဲ့ကလက်ခံပြီး စဉ်းစားကာ ချိုးဖောက်ခံရသသူများခံမှ အသံများကို ရယူသည်။ ယင်းပထမပရိုတိုကော်လ်သည် သဘောတူညီချက်နှင့်အတူ အသက်ဝင်လာခဲ့ခြင်းဖြစ်သည်။ ယခုအချိန်အထိ လက်မှတ်ရေးထိုးသည့်နိုင်ငံ ၃၅ နိုင်ငံနှင့် အဖွဲ့ဝင် ၁၁၅ နိုင်ငံရှိသည်။

***အခွင့်သင့်သလို သုံးရမည့် ဒုတိယ ပရိုတိုကောလ်-*** ယင်းပရိုတိုကောလ်သည် သေဒဏ်ပေးခြင်းကို အဆုံးသတ်ရန် ရည်ရွယ်သည်။ ယင်းသည် ဇူလိုင် ၁၁၊ ၁၉၉၁ တွင် အသက်ဝင်ခဲ့ပြီး ယခုအချိန်အထိ လက်မှတ်ရေးထိုးသည့်နိုင်ငံ ၃၇ နိုင်ငံနှင့် အဖွဲ့ဝင် ၈၁ နိုင်ငံရှိသည်။

**မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်ရမည့် နိုင်ငံတကာဥပဒေ များ အကျဉ်းချုံ့**

***၁။ မြန်မာနိုင်ငံ အတည်ပြုပြီး***

- အမျိုးသမီးများအား ပုံစံမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး သဘောတူညီချက် (မြန်မာက ၁၉၉၇ တွင် အတည်ပြုခဲ့သည်)
- ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူညီချက်(မြန်မာက ၁၉၉၁ တွင် အတည်ပြုခဲ့သည်)
- မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (မြန်မာက ၂၀၁၁ တွင် အတည်ပြုခဲ့သည်)

***၂။ မြန်မာနိုင်ငံက လက်မှတ်ရေးထိုပြီး***

- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (မြန်မာက ၂၀၁၅ တွင် လက်မှတ်ရေးထိုးသည်။)

***၃။ မြန်မာနိုင်ငံက လက်မှတ်မရေးထိုးရသေး***

- ICCPR ကို မြန်မာနိုင်ငံက စိတ်ဝင်စားကြောင်း ပြသခဲ့သော်လည်းလည်း ယခုအချိန်အထိ အတည်ပြုခြင်း သို့မဟုတ် လက်မှတ်ရေးထိုးခြင်းမရှိပေ။
- လူမျိုးရေးခွဲခြားမှုပုံစံမျိုးစုံပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်း
- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်ပါ အခွင့်သင့်သလို သုံးရမည့် ပရိုတိုကောလ်
- အမျိုးသမီးများအပေါ် ပုံစံမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ အခွင့်သင့်သလို သုံးရ မည့် ပရိုတိုကောလ်
- ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်ရက်စက်စက်၊ လူမဆန်စွာ သို့မဟုတ် လူ့ဂုဏ်သိက္ခာငြိုးနွမ်းစေသော ပြုမူမှု သို့မဟုတ် အပြစ်ပေးမှုကိုဆန့်ကျင်သည့် ကွန်ဗင်းရှင်း
- ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်ရက်စက်စက်၊ လူမဆန်စွာ သို့မဟုတ် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသော ပြုမူမှု သို့မဟုတ် အပြစ်ပေးမှုကိုဆန့်ကျင်သည့် ကွန်ဗင်းရှင်းပါ အခွင့်သင့်သလိုသုံးရ မည့် ပရိုတိုကောလ်
- ကလေးသူငယ်များအားရောင်းစားခြင်း၊ ကလေးသူငယ်မျအား ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်းနှင့် ကလေးသူငယ်များအား ညစ်ညမ်းစာပေရုပ်သံများတွင်ခိုင်းစေခြင်းတို့နှင့်

ဆိုင်သော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ အခွင့်သင့်သလို သုံးရ မည့် ပရိုတိုကောလ်

- ကလေးသူငယ်များကြားဆက်သွယ်ရေးလုပ်ငန်းအဖြစ် သုံးရာတွင် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ အခွင့်သင့်သလို သုံးရ မည့် ပရိုတိုကောလ်
- ရွှေ့ပြောင်းအလုပ်သမားနှင့် ၎င်းတို့၏မိသားစုဝင် များအားလုံး၏ အခွင့်အရေးများကို အကာအကွယ်ပေး ခြင်းဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်း
- အဓမ္မခေါ်ဆောင်မှုကြောင့်ပျောက်ဆုံးသွားရသူများအား လုံးကို အကာအကွယ်ပေးရေးဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်း

Contact:

*DRI:* Democracy Reporting International- DRI Myanmar FB account or myanmar@democracy-reporting.org

*IBAHRI*: 'Cath Fischl' Cath.Fischl@int-bar.org